# Information Sheet



VOLUME II, ISSUE 4 13 July 2022



| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံ ဆွေးနွေး | ၈ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ဆွေးနွေးဆောင်ရွက် | ၁၀ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား | ၁၅ |
| ၅ | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်း ၅ ခုအပါအဝင် လုပ်ငန်းသစ် ၁၉ ခု ခွင့်ပြု | ၁၉ |
| ၆ | ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ် ကောင်စီအစည်းအဝေးတက်ရောက်ရန် ကမ္ဘောဒီးယားသို့ထွက်ခွာ | ၂၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | SARS–CoV–2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း | ၂၁ |
| ၈ | Asean+ Police Music Festival သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ သွားရောက်ဖျော်ဖြေ | ၂၂ |
| ၉ | ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက် | ၂၄ |
| ၁၀ | ကျောက်တံခါးမြို့နယ်၌ ဆေးကုသရန်သွားသည့် သားအမိ ၂ ဦး PDF အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်နင်းမိုင်းအား နင်းမိပေါက်ကွဲခဲ့သဖြင့် ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိ | ၂၅ |
| ၁၁ | PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး | ၂၆ |
| ၁၂ | မြစ်သားမြို့နယ်၊ တဲကြီးကျေးရွာရှိ  ကျောင်းထိုင်ဆရာတော် ဦးကုသလအား PDF အကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ် | ၂၇ |
| ၁၃ | ချမ်းမြသာစည်မြို့နယ်၌ ဘဏ်မှငွေကျပ်သိန်း ၄,၈၀၀ ထုတ်ယူလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမား ၄ ဦးက သေနတ်ဖြင့်ပစ်ခတ်ကာ ငွေများအား လုယက်ယူဆောင် | ၂၈ |
| ၁၄ | ချောင်းဦးမြို့နယ်၌ PDF အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက် | ၃၀ |
| ၁၅ | ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ | ၃၁ |
| ၁၆ | ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို | ၃၄ |

# Information Sheet

## မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဝါဆိုလပြည့်နေ့ဖြစ်သည့် ဇူလိုင်လ ၁၂ ရက်တွင် ကျင်းပပြုလုပ်ရာ သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒနဿရ၊ တိပိဋကဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ(ဓမ္မဒူတဆရာတော်)တို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Orthodox ဘုန်းတော်ကြီး၊ လားမားဘုန်းတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ Konstantin Losifovich Kosachev၊ ရုရှားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့အစည်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်မိုးကျော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာ့တပ်မတော်မှ ထူးချွန်ဆုရ အရာရှိများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ၊ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများ၊ ရုရှား-မြန်မာချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ဧည့်သည်တော်များ၊ စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းမှ ဧည့်သည်တော်များ၊ မော်စကိုထေရဝါဒဗုဒ္ဓအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ သံရုံးများမှ ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ၊ ဗုဒ္ဓဘာသာဝင် ရုရှားနိုင်ငံသားများတက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မင်္ဂလာအချိန်တွင် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တပ်ဆင်ပူ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဝမ်းမြောက်ကြောင်းစကားလျှောက်ထားနေမှု**

ဖော်၍ သံဃာတော်အရှင်သူမြတ်များက ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိတ်သွန်းတော်မူကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝမ်းမြောက်ကြောင်းလျှောက်ထားရာတွင်–

- ရွှေစည်းခုံပုံတူစေတီတော် ကြီးကို ဗုဒ္ဓဘာသာ သာသနာတော်ကြီး ကမ္ဘာတည်သရွေ့ ထွန်းလင်းတည်တံ့နေစေရန်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်လာစေရန်၊ အရှေ့တိုင်းဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကိုပြသရန် ရည်ရွယ်၍ တည်ထားခဲ့ခြင်းဖြစ်ကြောင်း။
- ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုစာရင်းဝင် ပုဂံမြို့တွင် တည်ရှိသည့် မူလရွှေစည်းခုံစေတီတော်မြတ်ကြီးကို အနော်ရထာမင်းတရားကြီးက ရှင်အရဟံမထေရ်မြတ်၏ ဩဝါဒခံယူ၍ လွန်ခဲ့သည့် ၉၆၃ ခုနှစ်ခန့်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကာ အနော်ရထာမင်း နတ်ရွာစံတော်မူပြီးနောက် သားတော်ကျန်စစ်သားမင်းက ဆက်လက်တည်ဆောက်ခဲ့ပြီး လွန်ခဲ့သည့် ၉၃၂ ခုနှစ်ခန့်တွင် ပြီးမြောက်ခဲ့ကြောင်း။
- စေတီတော်ကြီး တည်ဆောက်ခဲ့သည့်နှစ်မှ ပြီးစီးခဲ့သည့်နှစ်အထိ နှစ်ပေါင်း ၃၁ နှစ်ကြာ တည်ဆောက်ခဲ့ပြီး ပုဂံရှိ နှစ်ထပ်စေတီတော် ၄၅ ဆူအနက် တစ်ဆူအပါအဝင်ဖြစ်ကြောင်း၊ ထိုသို့သော သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုအစဉ်အလာထူးကဲပြည့်စုံသည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ရုရှားနိုင်ငံတွင် လာရောက်တည်ထားခြင်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။
- ရုရှားနိုင်ငံနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် မြန်မာထေရဝါဒဗုဒ္ဓစင်တာကျောင်းတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြောင်း၊ ရုရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်များ တရားအားထုတ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ လှူဒါန်းမှုဖြင့် သဒ္ဓမ္မဇောတိက သိမ်တော်ကြီးနှင့် ရွှေတိဂုံစေတီပုံတူအထွတ်တင်စေတီကို မြန်မာနိုင်ငံမှ သံဃာတော်အရှင်သူမြတ်များပင့်ဆောင်၍ ပန္နက်ချမင်္ဂလာဆောင်ရွက်နိုင်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇွန်လတွင် မိမိနှင့်အတူ အစိုးရအဖွဲ့ကိုယ်စားလှယ်များက ရွှေတိဂုံစေတီပုံတူအထွတ်တင်စေတီကို ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခဲ့ပြီး သဒ္ဓမ္မဇောတိက သိမ်တော်ကြီးကို ရေစက်ချလှူဒါန်းနိုင်ခဲ့ပါကြောင်း။
- အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ပေးသည့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၊ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အကြီးအကဲနှင့်တာဝန်ရှိသူများ၊ သံအမတ်ကြီးများနှင့် သံရုံးမိသားစုဝင်များ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်မှ တာဝန်ရှိသူများ၊ စေတီတော်ကြီးဖြစ်မြောက်ရေးအတွက် လှူဒါန်းခဲ့ကြသည့် ရပ်နီး၊ရပ်ဝေးမှ စေတနာရှင် အလှူရှင်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပင့်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပင့်ဆောင်ပူဇော်နေမှု**

များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားထားတင်ပြခဲ့ပါသည်။

ထို့နောက် ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားအောင်ပွဲ အထိမ်းအမှတ်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ရုရှားရှုခင်းပန်းချီပညာရှင် Mr. Alexander Alexandrovich Shilov က ၎င်းကိုယ်တိုင်ရေးဆွဲထားသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ ပုံတူပန်းချီကားချပ်ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများအား ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍-

- ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားစေရန်နှင့် ရုရှား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်စေရန် စေတီတော်ကြီးကို တည်ဆောက်ပူဇော်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊
- ရေခြား၊ မြေခြားတွင် ကာလရှည် သင်တန်းတက်ရောက်နေကြသည့် အရာရှိများဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုလည်း မှန်မှန်ကန်ကန်သိရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊
- တပ်မတော်သားများသည် ပြည်သူကြားမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းရေးကို ခိုင်ခိုင်မာမာဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊
- ၁၉၈၈ ခုနှစ်၌ ပြည်သူလူထုအနေဖြင့် တစ်ပါတီအုပ်ချုပ်မှုကို မကြိုက်မနှစ်သက်ခြင်း၊ စီးပွားရေးကျဆင်းခြင်းတို့ကြောင့် တိုင်းပြည်၌ မငြိမ်မသက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းအခြေအနေအပေါ် နိုင်ငံရေးအဖွဲ့အစည်းများ ပြည်ပနိုင်ငံများ၏ မြှောက်ပင့်သွေးထိုးမှုများကြောင့် နိုင်ငံတော်ကြီး ပြိုကွဲပျက်စီးတော့မည့်အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းခဲ့ရကြောင်း၊
- ပြည်သူလူထုတစ်ရပ်လုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် ဦးသိန်းစိန် ဦးဆောင်သည့် ဒီမို



**မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပနေမှု**

ကရေစီအစိုးရတစ်ရပ် တက်လာခဲ့ကာ တပ်မတော်နှင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

- ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနောက်ပိုင်းတွင် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး နိုင်ငံရေးအရ အသုံးချ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး နယ်ပယ်တို့တွင် ဥပဒေကို လက်တစ်လုံးခြားအသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကိုတွေ့ခဲ့ရပြီး ရွေးကောက်ပွဲမတိုင်မီ လှုပ်ရှားမှုများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တို့တွင်လည်း မသမာသော နည်းလမ်းများဖြင့် အနိုင်ရရှိနိုင်ရေးလုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း။
- မဲသမာမှုများကို ရှင်းလင်းဆောင်ရွက်ပေးရန် တပ်မတော်က တာဝန်ရှိသူအစိုးရအဖွဲ့သို့ ပြောကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ကြိုးပမ်းလာခဲ့သောကြောင့် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။
- ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာရေးအတွက်သာဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖည်စေမည်မဟုတ်ကြောင်း၊ တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။
- တိုင်းပြည်တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်ရေးသည် အဓိကအရေးကြီးဆုံးဖြစ်သဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပညာတော်သင် သင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့်အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုအပ်ပြီး အမြဲမပြတ်လေ့လာအားထုတ်နေကြရမည်ဖြစ်ကြောင်း။
- နိုင်ငံတော်နှင့် တပ်မတော်မှ ငွေကြေးအရင်းအနှီး၊ အချိန်အရင်းအနှီးများစွာကုန်ကျထားပြီး ပညာတော်သင်စေလွှတ်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ တစ်ဦးချင်းအတွက်၊ တပ်မတော်အတွက်၊ တိုင်းပြည်အတွက် အားကိုးအားထားရသည့် ပညာတတ်လူသားအရင်းအမြစ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တာတာစတန်ပြည်နယ် သမ္မတ Mr. Rustam Nurgaliyevich Minnikhanov ၏ ဖိတ်ကြားမှုအရ အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်အဖြစ် မော်စကိုမြို့ Sheremetyevo အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတဆင့် တာတာစတန်ပြည်နယ်၊ ကာဇန်မြို့၊ ကာဇန်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ မြန်မာ့တပ်မတော်မှ ပညာတော်သင် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားနေမှု

- ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ **ETHNOMIR** ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားသို့ သီတဂူဆရာတော်ဘုရားကြီးနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Orthodox ဘုန်းတော်ကြီး၊ လားမားဘုန်းတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူခဲ့။
- ရွှေစည်းခုံပုံတူစေတီတော်ကြီးကို ဗုဒ္ဓဘာသာ သာသနာတော်ကြီး ကမ္ဘာတည်သရွေ့ ထွန်းလင်းတည်တံ့နေစေရန်၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးတွင် ပိုမိုတိုးတက်လာစေရန်၊ အရှေ့တိုင်းဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကိုပြသရန် ရည်ရွယ်၍ တည်ထားခဲ့ခြင်းဖြစ်။
- ရုရှား ရှုခင်းပန်းချီပညာရှင် Mr. Alexander Alexandrovich Shilov က ၎င်းကိုယ်တိုင်ရေးဆွဲထားသည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ ပုံတူပန်းချီကားချပ်ကို အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်ခဲ့။
- ပြည်သူလူထုတစ်ရပ်လုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် အစဉ်အဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ဒီမိုကရေစီ ပထမအကြိမ်ရွေးကောက်ပွဲတွင် ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ် တက်လာခဲ့ကာ တပ်မတော်နှင့်လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့။
- ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနောက်ပိုင်းတွင် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး နိုင်ငံရေးအရ အသုံးချ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနယ်ပယ်တို့တွင် ဥပဒေကို လက်တစ်လုံးခြားအသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရ။
- တပ်မတော်အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိ။

**မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပနေသည့်မှတ်တမ်းဓာတ်ပုံများ**












**မော်စကိုမြို့၊ ကာလုဂါပြည်နယ်၊ ETHNOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်ရှိ ရွှေစည်းခုံပုံတူစေတီတော်ကြီးအား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပနေသည့်မှတ်တမ်းဓာတ်ပုံများ**








# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် အလုပ်သဘောတွေ့ဆုံဆွေးနွေး




ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲများနှင့် ဇူလိုင်လ ၁၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမဆောင်၌ အလုပ်သဘောတွေ့ဆုံဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးဆိုင်ရာ ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မိုးကျော်တို့ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအကြီးအကဲတစ်ဦးက အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု

- တွေ့ဆုံဆွေးနွေးပွဲ၌ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ။
- ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသည့် ကာကွယ်ရေးစွမ်းရည်တိုးမြှင့်ရေးဆိုင်ရာပြိုင်ပွဲများနှင့် လေ့ကျင့်ရေး ဆောင်ရွက်မှုများတွင် မြန်မာ့တပ်မတော်မှ ပါဝင်ယှဉ်ပြိုင်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ပါဝင်ဆောင်ရွက် သွားမည့်အခြေအနေများ။
- မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ကဏ္ဍ ပေါင်းစုံတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ။


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး ဆွေးနွေးဆောင်ရွက်



ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာလုဂါပြည်နယ်၊ ETH-NOMIR ကမ္ဘာ့ယဉ်ကျေးမှုမြို့တော်အတွင်းရှိ ရွှေစည်းခုံစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားသို့တက်ရောက်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၁၀ ရက်တွင် မော်စကိုမြို့၊ Metropol ဟိုတယ်ဧည့်ခန်းမဆောင်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် စစ်ဘက်-အရပ်ဘက် သင်တန်းသားများ စေလွှတ်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံကိုးကွယ်ရာ ဘာသာနှစ်ခု ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ပြီး ကမ္ဘာလှည့်ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေနိုင်မည့်အခြေအနေများ၊ အရပ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက်တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ရာတွင်-

- စိုက်ပျိုးရေးကိုအခြေခံသည့် ထုတ်ကုန်များတင်ပို့နိုင်ရေးနှင့် ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှုအတွက် နည်းပညာလိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နှစ်နိုင်ငံပို့ကုန်၊ သွင်းကုန်ကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း၊
- နျူကလီးယားစွမ်းအင်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များတွင် နှစ်နိုင်ငံ ပြည်သူလူထုအကျိုးရှိစေနိုင်မည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ သိပ္ပံနှင့်သုတေသန စမ်းသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍများတွင် အသုံးပြုဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း၊
- သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Dmitriev Mikhail Arkadievich ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံနေမှု**

များကိုလည်းကောင်း တစ်ဖွဲ့ချင်းစီအလိုက် သီးခြားစီ တွေ့ဆုံ၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rosatom State Corporations တို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို အတည်ပြုလက် မှတ်ရေးထိုးနိုင်ခဲ့ပါသည်။


ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ရာတွင်-

- ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မိမိတို့နိုင်ငံသည် သမိုင်းအစဉ် အဆက် စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် အခြားနယ် ပယ်ပေါင်းစုံတွင် ကောင်းမွန်သည့် ဆက်ဆံရေးများရှိခဲ့ ကြောင်း။
- သံရုံး၊ စစ်သံရုံးများတွင် တာဝန်ထမ်းဆောင်နေကြရသူ များသည် ရေခြား၊ မြေခြားတွင် နိုင်ငံတော်၏တာဝန်များကို လာရောက်ထမ်းဆောင်နေကြရသူများဖြစ်သဖြင့် အချင်း ချင်းစည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။
- မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နိုင်ငံ နှင့် လူမျိုး၏ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ပါသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီးတို့က သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှု ထမ်းများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေး အပ်ရာ စစ်သံရုံးမှတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ထူးချွန်ဆုရ အမျိုးသား၊ အမျိုးသမီးအရာရှိများသည်လည်း မော်စကိုမြို့ရှိ ရင်ပြင်နီ၊ Zaryadye ပန်းခြံ၊ Paryashchiy တံတားနှင့် VDNKh ပန်းခြံ တို့သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သံရုံး၊ စစ် သံရုံးများမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပါ သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ညပိုင်းတွင် မော်စကိုမြစ်အတွင်းရှိ သင်္ဘောပေါ်၌ Rosoboronexport ကုမ္ပဏီ အမှုဆောင်အရာ ရှိချုပ် Mr. Alexander Mikheev ဦးဆောင်သည့် အဖွဲ့ဝင်များ နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ခရီးစဉ်တွင်လိုက်ပါလာခဲ့သည့် အဖွဲ့ဝင်များနှင့်အတူ မော်စကိုမြစ်အတွင်း သင်္ဘောဖြင့်လှည့် လည်ကြည့်ရှု၍ မော်စကိုမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေ အနေများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-
အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Ivan Polyakov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Rosatom State Corporations ၏
အထွေထွေညွှန်ကြားရေးမှူးချုပ် Mr. Alexey Likhachev ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များအားတွေ့ဆုံနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားသမ္မတနိုင်ငံ၏
နိုင်ငံတကာအာကာသဆိုင်ရာအထူးသံတမန်နှင့် "Roscosmos" ၏ အထွေထွေညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Dr. Dmitry Rogozin
ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား တွေ့ဆုံနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Rosoboronexport ကုမ္ပဏီအမှုဆောင်အရာရှိချုပ် Mr. Alexander Mikheev ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်စကိုမြစ်အတွင်း သင်္ဘောဖြင့် မော်စကိုမြို့၏မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ မော်စကိုမြို့တွင် ကြည့်ရှုလေ့လာနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်နေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတွင် စစ်ဘက်-အရပ်ဘက် သင်တန်းသားများ စေလွှတ်ဆောင်ရွက်နိုင်ရေး၊ နျူကလီးယား စွမ်းအင်နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တစ်ဖွဲ့ချင်းစီအလိုက် သီးခြားစီတွေ့ဆုံ၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- တွေ့ဆုံပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ **Rosatom State Corporations** တို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား






၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင်လ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပခဲ့ပြီး ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင်-

- ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီးဖြေရှင်းရမည့် လူဦးရေဆိုင်ရာပြဿနာများနှင့် လူသားအားလုံးဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များကို အာရုံစိုက်မိလာစေရန်ရည်ရွယ်၍ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း။
- ကမ္ဘာပေါ်တွင်ကြုံတွေ့နေရသည့် လူဦးရေဆိုင်ရာ ပြဿနာအချို့ကို မီးမောင်းထိုးပြလိုကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်း ၇,၉၀၀ ကျော်ရှိရာမှ မကြာမီကာလတွင် သန်း ၈,၀၀၀ ပြည့်တော့မည်ဖြစ်ကြောင်း။
- လူဦးရေသန်း ၈,၀၀၀ ပြည့်လာခြင်းသည် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် လူ့သက်တမ်းပိုမိုရှည်လာခြင်း၊ ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှုလျော့ကျလာခြင်းတို့ကြောင့်ဖြစ်ကြောင်း။
- ကမ္ဘာပေါ်၌ ကလေးမွေးဖွားစဉ် မိခင်အမျိုးသမီးများ သေဆုံးကြသည့်ဖြစ်စဉ်များ ရှိနေဆဲဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် မွေးကင်းစကလေးငယ် သေဆုံးနှုန်းသည်လည်း မြင့်မားနေဆဲဖြစ်ကြောင်း။
- ကမ္ဘာ့လူဦးရေသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ထိ နှစ်စဉ်ပျမ်းမျှ ၁ ရာခိုင်နှုန်းဖြင့် တိုးပွားနေသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများတွင် လူဦးရေတိုးပွားနှုန်းတူညီမှုမရှိသည်ကို တွေ့ရကြောင်း။
- လက်ရှိမြန်မာနိုင်ငံတွင် လူဦးရေ(၅၅)သန်းကျော်ရှိပြီး အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၂)သန်းကျော် ပိုများသည်ကိုတွေ့ရကြောင်း။
- အမျိုးသမီးတစ်ဦးသည် ယေဘုယျအားဖြင့် ကလေး(၂)ယောက်နှုန်းခန့်သာ မွေးဖွားနေခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ကလေးမွေးနှုန်းသည် မိဘနှစ်ပါးကို ပြန်လည်အစားထိုးသည့် Replacement level fertility သို့ရောက်ရှိနေပြီဟု ဆိုနိုင်ကြောင်း။
- ယခင်ဆယ်စုနှစ်များက ကလေးမွေးနှုန်းမြင့်မားခဲ့ခြင်း၏ အကျိုးဆက်အဖြစ် လက်ရှိအချိန်တွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်အင်အားများပြားနေခြင်းကြောင့် လူဦးရေဆုလာဘ်ရရှိနေချိန်ဖြစ်ကြောင်း။
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏အင်အားကို ထိထိမိမိအသုံးချနိုင်ရန်၊ နယ်မြေဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက စုပေါင်းဓာတ်ပုံရိုက်ကူးနေမှု**

ကိန်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေကို ထည့်သွင်းစဉ်းစားရန်နှင့် ၎င်းတို့၏ပညာအရည်အချင်းနှင့် ကိုက်ညီမည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း သိရှိနားလည်သည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း။

- မိမိတို့နိုင်ငံအတွက် လူဦးရေဆုလာဘ်ရရှိချိန်သည် ၂၀၆၀ ပြည့်နှစ်ဝန်းကျင်အထိ သာရရှိနိုင်မယ်ဟု ခန့်မှန်းထားခြင်းကြောင့် ရေတို/ရေရှည်စီမံကိန်းများတွင် မှန်ကန်သည့်မူဝါဒများ၊ အစီအစဉ်များကို ကြိုတင်မျှော်တွေးစီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- ၂၀၆၀ ပြည့်နှစ်နောက်ပိုင်းတွင် သက်ကြီးရွယ်အိုများပြားပြီး လုပ်သားအင်အား ရှားပါးသည့်ပြဿနာကို ရင်ဆိုင်ကြရမည့်အခြေအနေရှိလာမည်ဖြစ်သည့်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်အားကောင်းလာစေရန် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း။
- မွေးဖွားနှုန်းကျဆင်းခြင်းသည် မြန်မာနိုင်ငံ၏ နေရာဒေသအားလုံး၊ မတူညီသော အုပ်စုများအားလုံးအတွင်း တစ်ပြေးညီကျဆင်းနေခြင်းမဟုတ်ဘဲ မညီမျှမှုများဖြစ်ပေါ်နေဆဲဖြစ်ကြောင်း။
- မညီမျှမှုများကိုလျှော့ချနိုင်ရန် မျိုးဆက်ပွားကျန်းမာရေးကို မြှင့်တင်ပေးပြီး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား/မ တန်းတူညီမျှရေးတို့ကို အလေးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။
- ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ကောက်ယူခဲ့သည့် လူဦးရေနှင့် ကျန်းမာရေးစစ်တမ်းအရ အသက် ၁၅ နှစ်မှ ၄၉ နှစ်အထိ အိမ်ထောင်ရှင် အမျိုးသမီးများ၏ ၉၇ ရာခိုင်နှုန်းသည် ခေတ်မီသားဆက်ခြားခြင်း နည်းလမ်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတရှိကြသော်လည်း အသုံးပြုနိုင်မှုသည် ၅၁ ရာခိုင်နှုန်းသာရှိနေသည်ကိုတွေ့ရကြောင်း။
- ခေတ်မီသားဆက်ခြားနည်းလမ်းများ အသုံးပြုလိုသော်လည်း အသုံးပြုနိုင်ခြင်းမရှိသေးသည့် ရာခိုင်နှုန်းသည် (၁၆)ရာခိုင်နှုန်းရှိသည်ကိုတွေ့ရပြီး ထိုသို့သော မိသားစုစီမံကိန်းနှင့် အလှမ်းဝေးသည့်ဒေသများတွင် ကလေးမွေးနှုန်းမြင့်မားသောဒေသများ ဖြစ်နေသည်ကိုတွေ့ရကြောင်း။
- မိသားစုစီမံကိန်း၊ သားဆက်ခြားနှင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးရာတွင် ပိုမိုလိုအပ်သည့်ဒေသများ၊ အုပ်စုများနှင့် လိုအပ်သူများအားလုံး လက်လှမ်းမီစေရန် ကျန်းမာရေးဝန်ကြီးဌာနကဦးဆောင်၍ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ညှိနှိုင်းပြီး ထိရောက်စွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- အမျိုးသမီးများ၏ အလုပ်လုပ်ကိုင်မှုနှင့်ပတ်သက်၍ ၂၀၁၄ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းအရ အမျိုးသမီးဦး



ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေအထိမ်းအမှတ်ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုနေမှု

ရေ ၁၀၀ တွင် ၅၂ ဦးခန့်သာ အလုပ်လုပ် နေခြင်းဖြစ်၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသမီးများ၏ လုပ်အားကို အပြည့်အဝအသုံးမချနိုင်သေးသည်ကို တွေ့ရကြောင်း။

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကိုဗစ်-၁၉ ကာလကြာရှည်စွာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အနေအထားများအပေါ် ရေရှည်အကျိုးသက်ရောက်နိုင်မှုများရှိလာနိုင်မည်ကို ကြိုတင်ခန့်မှန်းတွက်ချက်ထားပြီး ကိုဗစ်-၁၉ ကြောင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ နာတာရှည်ရောဂါသည်များနှင့် အမျိုးသမီးများ စသည့်ထိခိုက်လွယ်အုပ်စုများကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆက်လက်စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။
- ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ခြင်းနှင့် မိခင်နှင့်ကလေးသေနှုန်းလျှော့ချခြင်း၊ အာဟာရချို့တဲ့မှုလျှော့ချခြင်းနှင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တို့ကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- မိမိနိုင်ငံအတွက် လူဦးရေဆုလာဘ်ရရှိနေချိန်တွင် တိုးပွားလာသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှု လျော့ပါးသက်သာလာချိန်တွင် ပြန်လည်ကုစားရေးအစီအစဉ်များကို ဆောင်ရွက်ပြီး ရရှိလာသည့်အခွင့်အရေးကို မိမိရရဆုပ်ကိုင်နိုင်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ NGO များ၊ သံတမန်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၂)**



ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေအထိမ်းအမှတ်ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုနေမှု

- အမျိုးသမီးတစ်ဦးသည် ယေဘုယျအားဖြင့် ကလေး(၂)ယောက်နှုန်းခန့်သာ မွေးဖွားနေခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ကလေးမွေးနှုန်းသည် မိဘနှစ်ပါးကို ပြန်လည်အစားထိုးသည့် Replacement level fertility သို့ရောက်ရှိနေပြီဟု ဆိုနိုင်။
- ယခင်ဆယ်စုနှစ်များက ကလေးမွေးနှုန်း မြင့်မားခဲ့ခြင်း၏ အကျိုးဆက်အဖြစ် လက်ရှိအချိန်တွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်အင်အားများပြားနေခြင်းကြောင့် လူဦးရေဆုလာဘ်ရရှိနေချိန်ဖြစ်။
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏အင်အားကို ထိထိမိမိအသုံးချနိုင်ရန်၊ နယ်မြေဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေကို ထည့်သွင်းစဉ်းစားရန်နှင့် ၎င်းတို့၏ ပညာအရည်အချင်းနှင့်ကိုက်ညီမည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း သိရှိနားလည်သည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီမံဆောင်ရွက်လျက်ရှိ။
- မိမိတို့နိုင်ငံအတွက် လူဦးရေဆုလာဘ်ရရှိချိန်သည် ၂၀၆၀ ပြည့်နှစ်ဝန်းကျင်အထိသာရရှိနိုင်မယ်ဟု ခန့်မှန်းထားခြင်းကြောင့် ရေတို/ရေရှည်စီမံကိန်းများတွင် မှန်ကန်သည့် မူဝါဒများ၊ အစီအစဉ်များကို ကြိုတင်မျှော်တွေးစီမံဆောင်ရွက်ကြရမည်ဖြစ်။

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်း ၅ ခုအပါအဝင် လုပ်ငန်းသစ် ၁၉ ခု ခွင့်ပြု



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၂) ကြိမ်မြောက်အစည်းအဝေးကို ဇူလိုင်လ ၁၁ ရက်တွင် နေပြည်တော်ရုံးအမှတ် ၁၈ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၉ ခုခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၀၇ ဒသမ ၁၅၅ သန်းနှင့် ကျပ် ၃၂၁,၉၄၈ ဒသမ ၇၅၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃,၁၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ အဆိုပါအစည်းအဝေးက ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အမျိုးအစားဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ် လုပ်ခြင်းလုပ်ငန်း ၅ ခုလည်း ပါဝင်ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ယနေ့အချိန်အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၀ ခုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၂၉ ဒသမ ၁၄၆ သန်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၁ ခုမှ စုစုပေါင်းကျပ် ၃၅၀,၉၄၇ ဒသမ ၃၄၇ သန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၂)**

- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း ၅ ခုအပါအဝင် လုပ်ငန်းသစ် ၁၉ ခုခွင့်ပြုခဲ့။
- လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၈၀၇ ဒသမ ၁၅၅ သန်းနှင့် ကျပ် ၃၂၁,၉၄၈ ဒသမ ၇၅၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃,၁၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ယနေ့အချိန်အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂၀ ခုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၂၉ ဒသမ ၁၄၆ သန်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံမှုလုပ်ငန်း ၂၁ ခုမှ စုစုပေါင်းကျပ် ၃၅၀,၉၄၇ ဒသမ ၃၄၇ သန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ် လျက်ရှိပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၃,၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ပြီးဖြစ်။

## ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ် ကောင်စီအစည်းအဝေးတက်ရောက်ရန် ကမ္ဘောဒီးယားသို့ထွက်ခွာ



ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဇူလိုင်လ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေး (South East Asian Games Federation Council Meeting)သို့ တက်ရောက်ရန် အတွက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန် ကြီး ဦးမင်းသိန်းဇံ နှင့် အဖွဲ့ဝင်ငါးဦးတို့သည် ဇူလိုင်လ ၁၀ ရက်တွင် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ထွက်ခွာသွားသူများတွင် ပြည် ထောင်စုဝန်ကြီးနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးတို့သည် SEAGF Council Meeting သို့တက်ရောက်မည်ဖြစ်ပြီး ညွှန်ကြားရေးမှူး ဦးခွန် ဂျာအောင်က SEAGF Sports and Rule Committee အစည်း အဝေးကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်း ဦးက SEAGF Medical အစည်းအဝေးကိုလည်းကောင်း၊ ညွှန် ကြားရေးမှူး ဒေါ်စိုးစိုးမြဲက SEAGF Women and Sports Committee အစည်းအဝေးကိုလည်းကောင်း၊ ဒုတိယညွှန်ကြား ရေးမှူး ဦးဝင်းထက်မွန်က SEAGF Broadcast Committee အစည်းအဝေးကိုလည်းကောင်း တက်ရောက်သွားမည်ဖြစ် ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၇-၂၀၂၂)**

- **ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ဇူလိုင်လ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ်ကောင်စီအစည်းအဝေး (South East Asian Games Federation Council Meeting) သို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်ငါးဦးတို့သည် ဇူလိုင်လ ၁၀ ရက်တွင် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့။**

---

## SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 (၁) ဦးနှင့် BA.5 (၅) ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင်လ ၁၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

### သတင်းထုတ်ပြန်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း"များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်(Commercial Flight)နှင့် ကယ်ဆယ်ရေးလေယာဉ်(Relief Flight)များဖြင့်လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့်လည်းကောင်း ဝင်ရောက်လာသူများထံမှ ဓာတ်ခွဲနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး Omicron(အိုမီခရွန်)အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၁၆)ခုအား ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို ဆေးသုတေသနဦးစီးဌာန (Department of Medical Research)တွင် (၃၀-၆-၂၀၂၂)ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 ကို ဓာတ်ခွဲနမူနာ(၁)ခုတွင်လည်းကောင်း၊ BA.5 ကို ဓာတ်ခွဲနမူနာ(၅)ခုတွင်လည်းကောင်း တွေ့ရှိရပါသည်။

၃။ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 နှင့် BA.5 တွေ့ရှိသူများ အားလုံးသည် ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများ ဖြစ်ပါသည်။ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါပိုးဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း သီးခြားထားရှိကုသမှုပေးခဲ့ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ နိုင်ငံတကာလေ့လာတွေ့ရှိချက်များအရ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာပြင်းထန်မှုနှင့် သေဆုံးမှုတို့ လျော့နည်းကြောင်း တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၂)**

- ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်)မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 (၁) ဦးနှင့် BA.5 (၅) ဦးတွေ့ရှိခဲ့။
- နိုင်ငံတကာလေ့လာတွေ့ရှိချက်များအရ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာပြင်းထန်မှုနှင့် သေဆုံးမှုတို့ လျော့နည်းကြောင်း တွေ့ရှိ။

## Asean+ Police Music Festival သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ သွားရောက်ဖျော်ဖြေ



ဗီယက်နမ်နိုင်ငံ၊ ဟန္နွိုင်းမြို့တွင် ကျင်းပပြုလုပ်သော Asean+ Police Music Festival သို့ သွားရောက်ဖျော်ဖြေရန် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲလေ့ကျင့်ရေးဌာန ကြီး၊ ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ ဒုတိယရဲမှူးကြီး ဇော်နိုင်ထွန်း ဦးစီးဖျော်ဖြေရေးအဖွဲ့ ၃၆ ဦးသည် ဇူလိုင် ၇ ရက်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာခဲ့ပါသည်။

- ဇူလိုင် ၈ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးအဖွဲ့သည် ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်တို့နှင့်အတူ Outdoor Concert တွင် ဖျော်ဖြေမည့် သီချင်းနှစ်ပုဒ်အား စုပေါင်းတီးမှုတ်လေ့ကျင့်ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသော နိုင်ငံအသီးသီးမှ ရဲတီးဝိုင်းတာဝန်ခံကိုယ်စားလှယ်များလုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီးနောက် Ly Thai To ရင်ပြင်၌ ဖွင့်ပွဲအခမ်းအနားနှင့် လမ်းလျှောက်ချီတက်ဖျော်ဖြေမှု အစမ်းလေ့ကျင့်ခြင်းအား တက်ရောက်လာသောနိုင်ငံများအလိုက် လေ့ကျင့်ဆောင်ရွက်ခဲ့။
- ဇူလိုင် ၉ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ဟန္နွိုင်းမြို့ King Ly Thai To ရုပ်တုရှေ့တွင် ကျင်းပပြုလုပ်သော Asean+ Police Music Festival ဖွင့်ပွဲအခမ်းအနားနှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့၏ နှစ်(၆၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ အိမ်ရှင် ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ဂျပန်တို့မှ ရဲတပ်ဖွဲ့တီးဝိုင်းများနှင့်အတူ တက်ရောက်ခဲ့ပြီး Mini Concert ဖျော်ဖြေခြင်း၊ Hoan Kiem Lake (ဟုမ်းကီယမ်ရေကန်) ပတ်လမ်းတစ်လျှောက်ရှိ ပြည်သူလူထုအား ချီတက်ဖျော်ဖြေခြင်းများဆောင်ရွက်ခဲ့။




**Asean⁺ Police Music Festival တွင် ဖျော်ဖြေမည့် ဒုတိယရဲမှူးကြီးဇော်နိုင်ထွန်းဦးစီးသော ဖျော်ဖြေရေးအဖွဲ့အား တွေ့ရစဉ်**

- ဇူလိုင် ၁၀ ရက်တွင် ဟနွိုင်းမြို့ King Ly Thai To ရင်ပြင်၌ Outdoor Concert အစမ်းလေ့ကျင့်တီးမှုတ်ခြင်းနှင့် Outdoor Concert ဖျော်ဖြေပွဲအခမ်းအနားအား တက်ရောက်လာသည့်နိုင်ငံများမှ အလှည့်ကျတီးမှုတ်ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါဖျော်ဖြေပွဲသို့ ဗီယက်နမ်နိုင်ငံ ဒုတိယသမ္မတ Mrs. Dang Thi Ngoc Thinh၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် To Lam နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ချီးမြှင့်ခဲ့ပြီး ဗီယက်နမ်ပြည်သူလူထုတို့ကလည်း အားပေးကြည့်ရှုခဲ့။
- ဇူလိုင် ၁၁ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးအဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့။

အဆိုပါဖျော်ဖြေရေးတပ်ဖွဲ့ဝင်များ မြန်မာနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာချိန်နှင့် ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးဌာနကြီးမှ ရဲလေ့ကျင့်ရေးအရာရှိချုပ်၊ အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူ ရဲအရာရှိကြီးများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်းနှင့် ပြန်လည်ကြိုဆိုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**

- **ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ကျင်းပပြုလုပ်သော Asean+ Police Music Festival သို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ရဲလေ့ကျင့်ရေးဌာနကြီး ရဲတီးဝိုင်းနှင့် ဖျော်ဖြေရေးဌာနခွဲမှ ဒုတိယရဲမှူးကြီးဇော်နိုင်ထွန်း ဦးစီးဖျော်ဖြေရေးအဖွဲ့ ၃၆ ဦး သွားရောက်ဖျော်ဖြေခဲ့။**
- **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ရဲတီးဝိုင်းနှင့်ဖျော်ဖြေရေးအဖွဲ့သည် Asean+ Police Music Festival ဖွင့်ပွဲအခမ်းအနားနှင့် ဗီယက်နမ်နိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့၏ နှစ်(၆၀)ပြည့် နှစ်ပတ်လည်အခမ်းအနားသို့ အိမ်ရှင် ဗီယက်နမ်၊ ဘရူနိုင်း၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်နှင့် ဂျပန်တို့မှ ရဲတပ်ဖွဲ့ တီးဝိုင်းများနှင့်အတူ တက်ရောက်ခဲ့ပြီး Mini Concert ဖျော်ဖြေခြင်း၊ Hoan Kiem Lake (ဟုမ်းကီယမ်ရေကန်) ပတ်လမ်းတစ်လျှောက်ရှိ ပြည်သူလူထုအား ချီတက်ဖျော်ဖြေခြင်းများ ဆောင်ရွက်ခဲ့။**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပိုမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန်ချိန် ၃,၄၄၈ ဒသမ ၅၂၄ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၁၅ သန်းရရှိခဲ့။
- ပုစွန်တင်ပို့မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကာလတူတွင် ပုစွန်မက်ထရစ်တန်ချိန် ၂,၁၀၉ ဒသမ ၇၃၄ တန်တင်ပို့ခဲ့ကာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၀၈ သန်းရရှိခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ပုစွန်မက်ထရစ်တန်ချိန် ၁,၃၃၈ ဒသမ ၇၉ တန်ပိုမိုတင်ပို့နိုင်ကာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၇ သန်း ပိုမိုရရှိခဲ့။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇွန်လ ၁၇ ရက်အထိ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၆၁ ဒသမ ၄၇၃ သန်းရရှိခဲ့။
- လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၉၃၆ ဒသမ ၃၆၆ သန်းရရှိခဲ့သဖြင့် ယခုဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၀၇ သန်းပိုမိုရရှိခဲ့။
- ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်၌ စိန်တစ်လုံးသရက် စိုက်ဧက ၈,၀၀၀ ဝန်းကျင်ရှိပြီး အရည်အသွေးကောင်းသရက်များကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ဈေးကောင်းရရှိလျက်ရှိ။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန်ချိန် ၄၈၉ ဒသမ ၈၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၅ သန်းရရှိခဲ့။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁ ရက်အထိ အမေရိကန်ဒေါ်လာ ၃၆၉ ဒသမ ၈၁၃ သန်းတန်ဖိုးရှိ ပဲမျိုးစုံတန်ချိန် ၄၈၉,၉၈၅ ဒသမ ၂၂၅ တန်တင်ပို့ခဲ့။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ပြည်ပသို့ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုအနေဖြင့် နိုင်ငံပိုင်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃၄ သန်းရရှိပြီး ပုဂ္ဂလိကပိုင်မှ အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၅၄၅ သန်းရရှိသည့်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၀ ဒသမ ၉၇၉ သန်းရရှိပြီးဖြစ်။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပျားမွေးမြူသူဦးရေ ၈၀၀ ကျော်နှင့် ပုဂ္ဂလိကပျားအုံ နှစ်သိန်းကျော်အထိ မွေးမြူလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် ပျားရည်တန်ချိန် ၇,၀၀၀ ခန့်ထွက်ရှိပြီး ပြည်ပသို့ နှစ်စဉ်ပျားရည်တန်ချိန် ၂,၆၀၀ ခန့်တင်ပို့လျက်ရှိပါသည်။

လက်ရှိကာလတွင် ကုန်သွယ်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အညီ ကုန်စည်အရည်အသွေးသတ်မှတ်ချက်၊ ဝယ်ယူမှုပုံစံအသစ်များ၊ တင်ပို့ရောင်းချမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် ကဏ္ဍအလိုက် စိန်ခေါ်မှုများအား ကျော်လွှားနိုင်မည့် နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၂)**

- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ ပုစွန်မက်ထရစ်တန်ချိန် ၃,၄၄၈ ဒသမ ၅၂၄ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄၁၅ သန်းရရှိခဲ့။**
- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇွန်လ ၁၇ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၆၁ ဒသမ ၄၇၃ သန်းရရှိခဲ့။**
- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပျားရည်မက်ထရစ်တန်ချိန် ၄၈၉ ဒသမ ၈၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၇၃၅ သန်းရရှိခဲ့။**
- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁ ရက်အထိ ပဲမျိုးစုံတန်ချိန် ၄၈၉,၉၈၅ ဒသမ ၂၂၅ တန်တင်ပို့ခဲ့။**
- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇူလိုင်လ ၁ ရက်အထိ သတ္တုတွင်းထွက် ပစ္စည်းတင်ပို့မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၀၀ ဒသမ ၉၇၉ သန်းရရှိပြီးဖြစ်။**

- **ကုန်သွယ်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အညီ ကုန်စည်အရည်အသွေးသတ်မှတ်ချက်၊ ဝယ်ယူမှုပုံစံအသစ်များ၊ တင်ပို့ရောင်းချမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် ကဏ္ဍအလိုက် စိန်ခေါ်မှုများအား ကျော်လွှားနိုင်မည့်နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိ။**

---

## ကျောက်တံခါးမြို့နယ်၌ ဆေးကုသရန်သွားသည့် သားအမိ ၂ ဦး PDF အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်နင်းမိုင်းအား နင်းမိပေါက်ကွဲခဲ့သဖြင့် ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိ



**PDF အကြမ်းဖက်သမားများ၏လက်လုပ်နင်းမိုင်းအား နင်းမိပေါက်ကွဲခဲ့သဖြင့် ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့သော သားအမိ ၂ ဦး**

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၌ ဇူလိုင်လ ၉ ရက်တွင် ဆေးကုသရန်သွားသည့် သားအမိ ၂ ဦး PDF အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲကာ ၄ နှစ်အရွယ်ကလေးငယ်တစ်ဦးနှင့် မိခင်ဖြစ်သူတို့ ထိခိုက်ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

ဇူလိုင်လ ၉ ရက်တွင် ရွှေကျင်မြို့နယ်၊ ကျွန်းကြီးကျေးရွာနေ မချစ်သက်သက်အောင်(ခ)အငယ်မ(၂၆)နှစ်သည် ကျန်းမာရေးမကောင်းသော ၎င်း၏သားဖြစ်သူ မောင်အောင်ဆန်းလင်း(၄)နှစ်အား ဆေးကုသရန်အတွက် ကျောက်တံခါးမြို့နယ်၊ ကညင်ကျိုးကျေးရွာရှိ တိုက်နယ်ဆေးရုံသို့သွားရောက်စဉ် လှေတန်းကျွန်းကြီးကျေးရွာ ကူးတို့ဆိပ်အနီးသို့အရောက်၌ PDF အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်နင်းမိုင်းတစ်လုံးအား နင်းမိ၍ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် မောင်အောင်ဆန်းလင်း(၄)နှစ်တွင် ဝဲ/ယာခြေထောက်နှစ်ချောင်း ဒူးအောက်မှပြတ်ကာ၊ မိခင်ဖြစ်သူ မချစ်သက်သက်အောင်(ခ)မအငယ်မ၏ မျက်နှာ၌ မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ကျောက်တံခါးမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိပါသည်။

PDF အကြမ်းဖက်သမားများသည် ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ်အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ ၎င်းတို့နှင့်မမြင်မတူသူများအား ဒလန်ဟု စွပ်စွဲ၍ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းများအပြင် အေးချမ်းစွာနေထိုင်ကြသော အပြစ်မဲ့ပြည်သူများအား သေကြေစေရန် မိုင်းထောင်ခြင်းများ ကျူးလွန်နေခြင်းကို ပြည်သူတစ်ရပ်လုံးက ရွံရှာမုန်းတီး၍ ဆန့်ကျင်လျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်တွင် မိုင်းထောင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၁-၇-၂၀၂၂)**

- **ကျောက်တံခါးမြို့နယ်၌ ဆေးကုသရန်သွားသည့် သားအမိ ၂ ဦး PDF အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲကာ (၄)နှစ်အရွယ်ကလေးငယ်တစ်ဦးနှင့် မိခင်ဖြစ်သူတို့ ထိခိုက်ဒဏ်ရာပြင်းထန်စွာရရှိခဲ့။**

---

# PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး



**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သူများက ဝင်ရောက်ဖျက်ဆီးထားမှု**

NUG အဖွဲ့၏ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ PDF အကြမ်းဖက်သမားများသည် စာသင်ကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိသည်ကို လိုလားမှုမရှိသဖြင့် ပညာရေးကဏ္ဍအတွက် အဓိကကျသော အခြေခံအဆောက်အဦများဖြစ်သည့် စာသင်ကျောင်းများနှင့် တက္ကသိုလ်များအား အဓိကပစ်မှတ်ထားတိုက်ခိုက်လျက်ရှိရာ-

- ဇူလိုင်လ ၁၀ ရက်တွင် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက ကျောင်းဝင်းအတွင်း ဝင်ရောက်၍ ကျောင်းဆောင်များနှင့် ကျောင်းဆောင်အတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးခဲ့သဖြင့် ကျောင်းဆောင် ၅ ဆောင်ရှိ ပြတင်းပေါက်မှန် ၁၈၅ ချပ်၊ တံခါးမကြီး ၁ ခု၊ မေးခွန်းတိုက် ၁ လုံး၊ ကျောင်းအုပ်ကြီးရုံးခန်းရှိ မိတ္တူကူးစက် ၁ လုံး၊ CCTV ကင်မရာ ၂ လုံး၊ ဆိုဖာထိုင်ခုံ၊ စားပွဲ ၂ လုံး၊ စုစုပေါင်း တန်ဖိုးငွေ ၁,၆၀၇,၅၀၀ ကျပ်ခန့် ပျက်စီးဆုံးရှုံးခဲ့။
- မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းသို့ အကြမ်းဖက်သမားများက လက်ပစ်ဗုံး ၁လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ ဂိတ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ဂိတ်မှန်ပြူတင်းပေါက်မှန်များ ကွဲအက်ပျက်စီးခဲ့။

PDF အကြမ်းဖက်သမားများသည် ကျောင်းသား/ သူများ အေးချမ်းစွာပညာသင်ကြားနိုင်ခြင်းမရှိစေရန် စာသင်ကျောင်းများအား လက်လုပ်မိုင်းများဖြင့်တိုက်ခိုက်ခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများကို ပြုလုပ်လျက်ရှိရာ ဇူလိုင်လ ၁၂ ရက်ထိ မီးရှို့ဖျက်ဆီးမှု ၁၃၇ ကြိမ်၊ ဗုံးဖေါက်ခွဲမှု ၃၉၉ ကြိမ် ရှိပြီဖြစ်ကြောင်းနှင့် အဆိုပါအကြမ်းဖက်မှုလုပ်ရပ်များကို အများပြည်သူမှ လက်ခံနိုင်ခြင်းမရှိဘဲ ပြစ်တင်ရှုတ်ချလျက်ရှိကြောင်း သိရှိရပါသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၇-၂၀၂၂)**




မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်အား
အကြမ်းဖက်သူများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မှု

- **ဟားခါးမြို့နယ်ရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက ကျောင်းဝင်းအတွင်း ဝင်ရောက်၍ ကျောင်းဆောင်များနှင့် ကျောင်းဆောင်အတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးခဲ့ရာ စုစုပေါင်းတန်ဖိုးငွေ ၁,၆၀၇,၅၀၀ ကျပ်ခန့် ပျက်စီးဆုံးရှုံးခဲ့။**
- **အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းသို့ အကြမ်းဖက်သမားများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ ဂိတ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ဂိတ်မှန်ပြူတင်းပေါက်မှန်များ ကွဲအက်ပျက်စီးခဲ့။**
- **PDF အကြမ်းဖက်သမားများ၏ စာသင်ကျောင်းများအား လက်လုပ်မိုင်းများဖြင့်တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအား ဇူလိုင်လ ၁၂ ရက်ထိ မီးရှို့ဖျက်ဆီးမှု ၁၃၇ ကြိမ်၊ ဗုံးဖေါက်ခွဲမှု ၃၉၉ ကြိမ် ရှိပြီဖြစ်။**

## မြစ်သားမြို့နယ်၊ တဲကြီးကျေးရွာရှိ ကျောင်းထိုင်ဆရာတော် ဦးကုသလအား PDF အကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်

ဇူလိုင်လ ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ တဲကြီးကျေးရွာရှိ “စိတ္တသုခ” ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးကုသလ သက်တော်(၅၅)နှစ်၊ ဝါတော်(၃၅)သည် ကျောင်း၌သီတင်းသုံးနေထိုင်စဉ် PDF အကြမ်းဖက်သမား ၄ ဦးက ကျောင်းဝင်းအတွင်းသို့ ဆိုင်ကယ် ၂ စီးဖြင့် ရောက်ရှိလာပြီး ဆရာတော်အား “ဒလန်” ဟုစွပ်စွဲကာ သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် ဆရာတော်၏ လည်ပင်း၌ ကျည်ထိမှန်ဒဏ်ရာတစ်ချက်ရရှိကာ ပျံလွန်တော်မူခဲ့ပါသည်။

NUG အဖွဲ့၏စေခိုင်းချက်အရ PDF အကြမ်းဖက်သမားများသည် ငါနဲ့မတူ ငါ့ရန်သူ အယူအဆဖြင့် ၎င်းတို့ကို မထောက်ခံသည့် အပြစ်မဲ့ပြည်သူများအား ရက်ရက်စက်စက် လက်နက်အားကိုး၍ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံခြင်း မရှိသည့် ဘုန်းကြီးကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုဒ္ဓသာသနာပြန့်ပွားရေး သာသနာ့တာဝန်ထမ်းဆောင်နေသော ဘုရားသားတော်များအား အကြောင်းမဲ့ရက်ရက်စက်စက် ဖမ်းဆီးသတ်ဖြတ်ခြင်းများသည် မြန်မာလူမျိုးအများစု၏ ကိုးကွယ်ယုံကြည်ရာဖြစ်သော ဗုဒ္ဓဘာသာသာသနာတော် ညှိုးနွမ်းပျက်စီးစေခြင်းနှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်းတို့ကြောင့် ပြည်သူတစ်ရပ်လုံးက စက်ဆုပ်ရွံရှာ၍ နာကျည်းမုန်းတီးလျက်ရှိပါသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၁ ပါးနှင့် သီလရှင်ဆရာကြီး ၁ ပါးတို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီးဖြစ်ပါသည်။ အထက်ပါဖြစ်စဉ်မှ ဆရာတော်အား သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**



**PDF အကြမ်းဖက်သမားများက ဒလန်ဟုစွပ်စွဲကာ သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခံခဲ့ရသော "စိတ္တသုခ" ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးကုသလ**

- **"စိတ္တသုခ" ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဦးကုသလအား PDF အကြမ်းဖက်သမားများက "ဒလန်" ဟုစွပ်စွဲကာ သေနတ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် ဆရာတော်၏ လည်ပင်း၌ ကျည်ထိမှန်ဒဏ်ရာရရှိကာ ပျံလွန်တော်မူခဲ့။**
- **အကြမ်းဖက်သမားများ၏ အကြောင်းမဲ့အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၁ ပါးနှင့် သီလရှင်ဆရာကြီး ၁ ပါးတို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့။**

## ချမ်းမြသာစည်မြို့နယ်၌ ဘဏ်မှငွေကျပ်သိန်း ၄,၈၀၀ ထုတ်ယူလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမား ၄ ဦးက သေနတ်ဖြင့်ပစ်ခတ်ကာ ငွေများအား လုယက်ယူဆောင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၌ ဇူလိုင်လ ၁၁ ရက်တွင် ဘဏ်မှ ငွေကျပ်သိန်း ၄,၈၀၀ ထုတ်ယူလာသည့်မော်တော်ယာဉ်အား အကြမ်းဖက်သမား ၄ ဦးက သေနတ်ဖြင့်ပစ်ခတ်ကာ ငွေများအား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် ငွေထုတ်ပြန်လာသူများအနက် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်မှာ ချမ်းမြသာစည်မြို့နယ်၊ မနော်ဟာရီလမ်းနှင့် ၅၀ လမ်းထောင့်နေ ဦးအောင်ကျော်ဦး (၆၁)နှစ်သည် မိသားစုဝင် ၇ ဦးနှင့်အတူ ၎င်းပိုင် MDY 9Q-6272 SUZUKI Ertiga အမျိုးအစား အဖြူရောင်ယာဉ်ဖြင့် ၆၂ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ "MAB မြန်မာ့ရှေ့ဆောင်" ဘဏ်မှ ငွေကျပ်သိန်း ၄,၀၀၀ နှင့် ၆၂ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ CB ဘဏ်တို့မှ ငွေကျပ်သိန်း ၈၀၀ တို့အား သွားရောက်ထုတ်ယူပြီး နေအိမ်သို့ပြန်လာစဉ် နေအိမ်ရှေ့အရောက်၌ ၎င်းတို့၏အနောက်မှ လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီးက အရှေ့မှပိတ်ရပ်ကာ အဆိုပါယာဉ်ပေါ်မှ အကြမ်းဖက်သမား ၄ ဦးက ဦးအောင်ကျော်ဦးတို့စီးနင်းလာသည့် မော်တော်ယာဉ်အား မောင်းနှင်လာသည့် ၎င်း၏သမီးဖြစ်သူ မခင်ရတနာအောင် (၂၀)နှစ်ကို သေနတ်ဖြင့်တစ်ချက်ပစ်ခတ်ကာ ယာဉ်ပေါ်ပါသူများအား ယာဉ်ပေါ်မှဆွဲချ၍ Ertiga မော်တော်ယာဉ်နှင့် ယာဉ်ပေါ်တင်ဆောင်လာသည့် ငွေကျပ်သိန်း ၄,၈၀၀ တို့အား လုယူထွက်ပြေးသွားခဲ့သဖြင့် မခင်ရတနာအောင်တွင် ဝဲချိုင်းအောက်ကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် မန္တလေး ပြည်သူ့ဆေးရုံ



**မခင်ရတနာအောင်(သေဆုံး)နှင့် ၎င်းစီးနင်းခဲ့သည့် မော်တော်ယာဉ်**

ကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့သော်လည်း ရရှိထားသော ဒဏ်ရာဖြင့် သေဆုံးခဲ့ပါသည်။

NUG လက်အောက်ခံ PDF အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ရန် NUG အဖွဲ့ထံမှ ငွေကြေးထောက်ပံ့မှုမရရှိခြင်းနှင့် NUG အကြမ်းဖက်အဖွဲ့က တော်လှန်ရေးရန်ပုံငွေ အမည်ခံအလှူငွေများကို အလွဲသုံးစား ပြုလုပ်ပြီး ပြန်လည်ခွဲဝေပေးမှုမရှိခြင်းတို့ကြောင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုထံမှ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်ငွေတောင်းခံခြင်းများ ပြုလုပ်လာသည့်အပြင် ကြီးမားသောရာဇဝတ်မှုဖြစ်သည့် ဓားပြတိုက်လုယက်မှုများအား ပိုမိုပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုယက်မှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိနိုင်ရေး ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများပြုလုပ်ခဲ့ရာ လုယက်ယူဆောင်သွားခဲ့သည့် Ertiga မော်တော်ယာဉ်အား လမ်း ၅၀ နှင့် ၁၀၇ လမ်းထောင့်၌ ရပ်တန့်ထားသည်ကိုတွေ့ရှိရသဖြင့် ယာဉ်အတွင်းစစ်ဆေးရှာဖွေခဲ့စဉ် ယာဉ်အတွင်းမှ ပလပ်စတစ်အိတ်အနက်ရောင်ဖြင့် ထုပ်ထားသည့် ငွေကျပ်သိန်း ၈၀၀ ခန့်အား ပြန်လည်တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**

- **ချမ်းမြသာစည်မြို့နယ်၌ ဘဏ်မှ ငွေကျပ်သိန်း ၄,၈၀၀ ထုတ်ယူလာသည့် မော်တော်ယာဉ်အား အကြမ်းဖက်သမား ၄ ဦးက သေနတ်ဖြင့်ပစ်ခတ်ကာ ငွေများအား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် ငွေထုတ်ပြန်လာသူများအနက် အမျိုးသမီးတစ်ဦး သေဆုံးခဲ့။**

# ချောင်းဦးမြို့နယ်၌ PDF အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်




**ချောင်းဦးမြို့နယ်၌ PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ပျက်စီးခဲ့သည့် ခရီးသည်တင်မော်တော်ယာဉ်နှင့် လူမှုကူညီရေးယာဉ်**

ဇူလိုင်လ ၁၁ ရက်တွင် "ရွှေသလ္လာ" ခရီးသည်တင်ယာဉ်သည် မုံရွာမြို့မှ ခရီးသည် ၁၂ ဦးတင်ဆောင်ကာ မန္တလေးမြို့သို့ မုံရွာ-မန္တလေးကားလမ်းအတိုင်း မောင်းနှင်လာစဉ် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ မုံရွာ-မန္တလေး သွားကားလမ်း မိုင်တိုင်အမှတ် ၇၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံအကြား၌ အဆိုပါယာဉ်အား PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်၏ ရှေ့၊ နောက်၊ ဘေးလေကာမှန်များနှင့် ဘီး ၄ လုံးစလုံးကွဲကာ ယာဉ်မောင်း ကိုအောင်မိုးဟိန်း၊ အကူယာဉ်မောင်း ဦးလှဝင်းမောင်၊ ယာဉ်နောက်လိုက် ကိုရန်အောင်ထွန်းနှင့် ယာဉ်ပေါ်လိုက်ပါစီးနင်းလာသည့် ခရီးသည် ၉ ဦးတို့တွင် ပေါက်ကွဲစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ပါသည်။

အဆိုပါထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လူမှုကူညီရေးယာဉ် ၇ စီးဖြင့်တင်ဆောင်ကာ မုံရွာမြို့ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် အခင်းဖြစ်စဉ်နေရာနှင့် ၁ ဖာလုံခန့်အကွာသို့ အရောက်၌ PDF အကြမ်းဖက်သမားများက ထပ်မံဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် လူထိခိုက်မှုမရှိသော်လည်း လူမှုကူညီရေးယာဉ်တစ်စီး၏ အနောက်လေကာမှန်တစ်ချပ် ကွဲအက်ပျက်စီးခဲ့ကြောင်း သိရှိရပါသည်။

PDF အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးလျက်ရှိပြီး စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးကာ ရက်စက်စွာသတ်ဖြတ်ခြင်းများအပြင် ခရီးသည်တင်ယာဉ်လိုင်းများအား မိုင်းဆွဲတိုက်ခိုက်ခြင်းများနှင့် လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ကာ အပြစ်မဲ့ပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်သေကြေနိုင်သည်အထိ အကြမ်းဖက်မှုများအား ကျူးလွန်လျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်အားကျူးလွန်ခဲ့သည့် PDF အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**

- **ချောင်းဦးမြို့နယ်၌ PDF အကြမ်းဖက်သမားများက ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါစီးနင်းလာသည့် ယာဉ်အမှုထမ်း ၃ ဦးနှင့် ခရီးသည် ၉ ဦး တို့တွင် ပေါက်ကွဲစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့။**
- **အဆိုပါထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လူမှုကူညီရေးယာဉ် ၇ စီးဖြင့်တင်ဆောင်ကာ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် PDF အကြမ်းဖက်သမားများက ထပ်မံဖောက်ခွဲတိုက်ခိုက်ခဲ့။**

## ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ



**မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ ဖမ်းဆီးရမိမှု**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှိမ်နှင်းရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည်-

- ဇွန်လ ၁ ရက်မှ ၃၀ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဘိန်း ၁၄၅.၆၂၄၁၇ ကီလို၊ ဘိန်းဖြူ ၃၀၀.၁၆၅၆၉၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆,၆၆၆,၅၂၂ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၀.၀၀၄ ကီလို၊ အိုက်စ် ၃,၂၀၆.၃၈၉၈ ကီလို၊ ဆေးခြောက် ၄၃.၈၂၇၇၉၅ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၀.၂၇၅ ကီလို၊ ဘိန်းစာရွက် ၁၁၇.၁၉၆၅ ကီလို၊ ဘိန်းစာမှုန့် ၃၅.၈၉၁ ကီလို၊ ဘိန်းစာရည် ၅.၂၅ လီတာ၊ အက်တက်စီဆေးပြား ၃,၂၄၈ ပြား၊ ကတ်တမင်း ၃၃၁.၃၉၀၁ ကီလို၊ Happy Water ၀.၄၇၅ ကီလို၊ ကဖင်း ၃,၆၀၀ ကီလို၊ ဆူဒို



**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် ငွေကျပ် ၄ ဒသမ ၂၁ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၂ သိန်းကျော် ဖမ်းဆီးရမိမှု**




**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၂၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု**

အက်ဖီဒရင်းဆေးပြား ၁,၇၅၀,၀၀၀ ပြား၊ အမိုနီယမ်နိုက်ထရိတ် ၅၃,၂၂၅ ကီလို၊ Sulphur(ကန့်) ၄,၈၀၀ ကီလို၊ စုစုပေါင်းတန်ဖိုးငွေကျပ်သန်းပေါင်း ၁၂၄,၇၉၉.၇၉၇၄ (US$ ၆၇.၄၅၉ သန်း)တန်ဖိုးရှိမူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၇၀၃ ဦး၊ အမျိုးသမီး ၁၁၉ ဦး၊ စုစုပေါင်း တရားခံ ၈၂၂ ဦး ဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များပူးပေါင်း၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**

- **ဇွန်လအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ်သန်းပေါင်း ၁၂၄,၇၉၉.၇၉၇၄ (US$ ၆၇.၄၅၉ သန်း) တန်ဖိုးရှိမူးယစ်ဆေးဝါးများနှင့်အတူ တရားခံ ၈၂၂ ဦးအား ဖမ်းဆီးရမိခဲ့။**

## ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ငွေကျပ် ၁ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၇၈ ကီလို ဖမ်းဆီးရမိမှု



မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်မြို့တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု




မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၆၂၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ၃၅၀၀၀၀ ပြား (ဒေသကာလပေါက်ဈေးတန်ဖိုးငွေကျပ် သိန်း ၁၇၅၀) ဖမ်းဆီးရမိမှု



မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ်သိန်း ၇၅၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု

# ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို



ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပါသည်။

- ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ပုဂံမြို့ရှိ ရွှေစည်းခုံစေတီတော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများစိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသူများဖြင့် စည်ကားလျက်ရှိ။
- မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိ။

ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေး မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များက မြို့ဝင်၊ မြို့ထွက် လူစည်ကားရာနေရာများ၌ လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၃-၇-၂၀၂၂)**

- **ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုခဲ့။**
- **တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၊ အပန်းဖြေစခန်းများ၌လည်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိ။**

## ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်ကြည်ညိုနေသည့်မှတ်တမ်းဓာတ်ပုံများ



ဦးပိန်တံတား



စန္ဒကူးနံ့သာစေတီတော်မြတ်ကြီး



တိလောကမာရဇိန်မြတ်စွာဘုရားကြီး



ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရား



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး



ဇင်းကျိုက်ရေတံခွန်

## ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးမိဘပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်ကြည်ညိုနေသည့်မှတ်တမ်းဓာတ်ပုံများ



ကျောက်တန်းရေလယ်ဘုရား



ကျောက်စိမ်းဘုရား



ရွှေဆံတော်စေတီတော်မြတ်ကြီး



ရွှေဘုန်းပွင့်ဆုတောင်းပြည့် ဖောင်တော်ဦးစေတီတော်မြတ်ကြီး



ရွှေဥမင်သဘာဝလှိုဏ်ဂူတော်ဘုရားကြီး



အင်းဝဒေသရှိ ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာများ